**၈။ အကြေးပိုး**

**Pomegranate scale / Soft Scale/ Black Scale: *Parasaissetia nigra* (Nietner, 1861)**

**Hemiptera: Coccidae**


**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အကောင်ကြီးအမသည် ဘဲဥပုံသဏ္ဍာန် အညိုရောင် (သို့) အမဲရောင်ဘော့လုံးပုံရှိပြီး အရွက်အောက်မျက်နှာပြင်နှင့် ပင်စည်များတွင် တွယ်ကပ်နေသည်။ ပထမသားလောင်းသည် ပန်းရောင်ဖြစ်ပြီး ဒုတိယသားလောင်းသည် အဝါရောင်ဖြစ်ကာ ရှေ့ဘေး ဘက်တွင် အနက်ရောင် မျက်လုံးနှစ်ခုရှိသည်။ အမသည် အတောင်ပံမပါရှိပါ။ အစောပိုင်းတွင် အဝါရောင်ရှိပြီး နောက်ပိုင်းတွင် အညိုရင့်ရောင်မှ ခရမ်းရင့် ရောင်သို့ပြောင်းသွားသည်။ အကောင်ပုံ သဏ္ဍာန်သည် အရွက်များပေါ်တွင် အနည်းငယ်ခုံးနေပြီး ပင်စည်များနှင့် အရွက်အလယ်ရိုး ပေါ်တွင် ပို၍ရှည်ကာခုံးသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





ဖျက်ပိုးများအနီးမျက်နှာပြင်ပေါ်တွင် စုပုံနေသော ပျားရည်စက်များပေါ်၌ ကြပ်ခိုးမှိုများ ရှိနေသည်ကိုတွေ့နိုင်သည်။ အပင်ပုခြင်းနှင့် အပင်ခြောက်ခြင်းများ ဖြစ်ပေါ်စေသည်။

**ဘဝစက်ဝန်း**

ဥအဆင့် -(၄)ရက်

ပိုးမမည်အဆင့် -(၁၂)ရက်

အကောင်ကြီးအဆင့် -(၂၅-၃၅)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အပင်ကြဲကြဲစိုက်ပျိုးပါ။

(၂)ပုံမှန်ကိုင်းခုတ်ခြင်း/ကိုင်းချိုင်ခြင်းများပြုလုပ်ပါ။

(၃) အရွက်များနှင့်ပင်စည်များပေါ်တွင် ကြပ်ခိုးမှို (သို့) စေးကပ်သော ပျားရည်များ ကောက်ယူဖယ်ရှားပါ။

(၄)ပုရွက်ဆိတ်များသည်မီလီဂျပိုးမှစွန့်ထုတ်သည့်ပျားရည်အားလာရောက်စားသုံးပြီးမိတ်ဆွေပိုးများလာရောက်ခြင်းကိုဟန်းတားစေသဖြင့်ပုရွက်ဆိတ်များအားဦးစွာနှိမ်နင်းပါ။

(၅)သီးနှံပင်၏ အရွက်များ (အထူးသဖြင့် အောက်ဘက်မျက်နှာပြင်၏ရွက်လယ်ကြော/အကိုင်းများနှင့် အသီးများ)အပေါ်တွင် ဖျက်ပိုးမျာအားရှာဖွေစစ်ဆေးပြီး ဖယ်ရှားပါ။

(၆)ဖျက်ပိုး၏ ဥအုသောကာလသည် ကြာရှည်သဖြင့် ဓါတုနည်းဖြင့် ကာကွယ် နှိမ်နင်းခြင်းသည် ခက်ခဲသဖြင့် ဇီဝနည်းဖြင့်ကာကွယ်နှိမ်နင်းခြင်း သည်ပို၍ သင့်တော် သည်။ပုရွက်ဆိတ် အစိမ်းများသည်အကြေးပိုးအားစားသောက်သဖြင့်ထိမ်းသိမ်းပါ။

(၇)တမာပိုးသတ်ဆေး၊ဆပ်ပြာဖျော်ရည်၊ကြက်သွန်ဖြူဖျော်ရည်ပက်ဖျန်းပါ။

(၈)အလွန်ဆိုးရွားစွာ ကျရောက်ပါထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင်

ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ကာဘာရိုင်း(Carbary)
- ဘူပရိုဖီဇင်(Buprofezin)
- ဘိုင်ဖန်သရင်(Bifenthrin)